# မြန်မာကုန်သွယ်မှုမြှင့်တင်ရေးအဖွဲ့
# နေ့စဉ်စျေးကွက်သတင်းလွှာ

myantrade

January 15, 2020 Volume 27, Number 9


၁၅.၁.၂၀၂၀

| | |
|---|---|
| ကမ္ဘာ့ရွှေဈေး | = ၁၅၅၄/-US$ |
| မြန်မာ့ရွှေဈေး | = ၁၂၁၆၀၀၀/- ကျပ် |
| ဒေါ်လာဈေး | = ၁၄၈၃/- ကျပ် |
| CBM Rate | = ၁၄၇၈.၇ /ကျပ် |
| ယူရို တစ်ယူရို | = ၁၆၄၅.၈ ကျပ် |
| စင်္ကာပူတစ်ဒေါ်လာ | = ၁၀၉၇.၃ ကျပ် |
| စတာလင်ပေါင်တစ်ပေါင် | = ၁၉၂၅.၀ ကျပ် |
| ဂျပန်ယန်းတစ်ရာ | = ၁၃၄၅.၃ ကျပ် |
| ဩစတြေးလျတစ်ဒေါ်လာ | = ၁၀၁၈.၂ ကျပ် |
| တရုတ်ယွမ် (တစ်ယွမ်) | = ၂၁၄.၇၂ ကျပ် |
| အိန္ဒိယရူပီး (တစ်ရူပီး) | = ၂၀.၈၆၉ ကျပ် |
| ကိုရီးယားဝမ်တစ်ရာ | = ၁၂၇.၈၁ ကျပ် |
| မလေးရှားရင်းဂစ် | = ၃၆၂.၉၂ ကျပ် |
| ထိုင်းဘတ်တစ်ဘတ် | = ၄၈.၈၅၈ ကျပ် |

Source: CBM Rate, etrademyanmar.com

## မြန်မာ့စီးပွားရေးတိုးတက်မှုနှုန်း ၂၀၂၀ တွင် ၆ ဒသမ ၄ ရာခိုင်နှုန်းရှိမည်ဟု ကမ္ဘာ့ဘဏ်ခန့်မှန်း

မြန်မာနိုင်ငံ၏ စီးပွားရေးတိုးတက်မှုနှုန်းသည် ကမ္ဘာ့ဘဏ်၏ ခန့်မှန်းတွက်ချက်မှုအရ ၂၀၁၉-၂၀တွင် ယခင် ၂ နှစ်ထက်တိုးတက်ပြီး ၆ ဒသမ ၄ ရာခိုင်နှုန်းရှိမည်ဟု ယမန်နေ့ကထုတ်ပြန်သည်။ မြန်မာနိုင်ငံ၏ စီးပွားရေးတိုးတက်မှုနှုန်းသည် ၂၀၁၈-၁၉ ဘဏ္ဍာနှစ်တွင် ၆ ဒသမ ၃ ရာခိုင်နှုန်းရှိခဲ့သဖြင့် ၂၀၁၇-၁၈ တွင်ရှိခဲ့သော ၆ ဒသမ ၂ ရာခိုင်နှုန်းနှင့်ယှဉ်ပါက အနည်းငယ်တိုးတက်လာသည်ဟု ကမ္ဘာ့ဘဏ်၏အစီရင်ခံစာ၌ ဖော်ပြသည်။ သို့သော် ၂၀၁၆-၁၇ တွင် စီးပွားရေးတိုးတက်မှုနှုန်း ၇ ဒသမ ၈ ရာခိုင်နှုန်းရှိ၍ အဆိုပါနှုန်းကိုမူမမီသေးပေ။ ဇန်နဝါရီ ၁၄ ရက်က နေပြည်တော်ရှိ Hialton Hotel တွင်ပြုလုပ်သော ကမ္ဘာ့ဘဏ်၏ မြန်မာနိုင်ငံ၏စီးပွားရေး စောင့်ကြည့်အကဲဖြတ်ခြင်း အစီရင်ခံစာမိတ်ဆက်ပွဲအခမ်းအနားတွင် ထုတ်ပြန်ခြင်းဖြစ်သည်။ ယင်းသို့ခန့်မှန်းရခြင်းသည် သယ်ယူပို့ဆောင်ရေးနှင့်ဆက်သွယ်ရေးကဏ္ဍတွင် ရင်းနှီးမြှုပ်နှံမှုမြင့်တက်လာခြင်းနှင့် ၂၀၂၀ ရွေးကောက်ပွဲမတိုင်မီ အကောင်အထည်ဖော်ဖွယ်ရှိသည့် အစိုးရ၏အခြေခံအဆောက်အအုံစီမံကိန်းများကြောင့်ဖြစ်သည်ဟု စစ်တမ်းက ဖော်ပြသည်။

ကမ္ဘာလုံးဆိုင်ရာ စီးပွားရေးအခြေအနေများမှာ အားရစရာမကောင်းသော်လည်း မြန်မာ့စီးပွားရေးအားကောင်းလာရန်ရှိပြီး မြန်မာနိုင်ငံစီးပွားရေးသည် ကြံ့ကြံ့ခံရပ်တည်နိုင်စွမ်းကို ဆက်လက်ပြသနေသည်ဟု အစီရင်ခံစာကဆိုသည်။ သို့သော် မြန်မာ့စီးပွားရေးအတွက် စိန်ခေါ်မှုများကိုလည်း ယင်းအစီရင်ခံစာ၌ ထည့်သွင်းဖော်ပြထားသည်။ မြန်မာ့စီးပွားရေးအလားအလာတည်ငြိမ်နေမည်ဖြစ်ပြီး ၂၀၁၈-၁၉ ဘဏ္ဍာနှစ်ထက် သုည ဒသမ ၁ ရာခိုင်နှုန်းပိုမိုတိုးတက်မည်ဟုမျှော်မှန်းသည်။ ဆက်လက်၍ နိုင်ငံခြားတိုက်ရိုက် ရင်းနှီးမြှုပ်နှံမှု (FDI)လုပ်ငန်းများဝင်ရောက်မည်ဟု ကတိပြုမှုတိုးမြှင့်လာကြောင်း ဆောက်လုပ်ရေးလုပ်ငန်းများ တိုးတက်ဖွယ်ရှိသည်ဟု ခန့်မှန်းသည်။

ယင်းအချက်များနှင့်အတူ စက်မှုကဏ္ဍသည် နိုင်ငံခြား ကုမ္ပဏီများ ဝင်ရောက်လာမှုကြောင့် ပိုမိုလျင်မြန်သည့်နှုန်းဖြင့် တိုးတက်လာမည့်အပြင် လျှပ်စစ်ဓာတ်အားတိုးမြှင့်လာခြင်းနှင့် နိုင်ငံခြားဘဏ်များ ဝင်ရောက်လာခြင်းတို့ကြောင့် ဆောက်လုပ်ရေး၊ ကုန်ထုတ်လုပ်မှု၊ ကုန်သွယ်မှုနှင့်ဈေးငွေရရှိနိုင်မည့်အခွင့်အလမ်းများ တိုးပွားလာခြင်းတို့ကြောင့် လျင်မြန်စွာအားကောင်းလာနိုင်သည်ဟု ကမ္ဘာ့ဘဏ်ကဖော်ပြထားသည်။ ယခုအစီရင်ခံစာတွင် မြန်မာနိုင်ငံ၏ ပုဂ္ဂလိကစီးပွားရေးကဏ္ဍသည် ထုတ်လုပ်မှုစွမ်းအားများ အားနည်းနေခြင်းက စီးပွားရေးဖွံ့ဖြိုးတိုးတက်မှုအတွက်


CONTACT US

ကုန်သွယ်မှုသတင်းအချက်လက်နှင့် သုတေသနဌာနခွဲ

ဖုန်း ၀၁-၃၇၁၂၀၃
၀၁-၃၇၆၄၁၆
၀၁-၃၇၆၄၉၀
ဖက်စ် ၀၁- ၃၇၆၄၁၆

http://www.myantrade.org
myantradetir2016@gmail.com

အပြန်ပြန်အတားသဖွယ်ဖြစ်နေပြီး စီးပွားရေးလုပ်ငန်းများအနေဖြင့် အထောက်အပံ့ ရရှိနိုင်မှု၊ လုပ်ငန်းရှင်များအချင်းချင်း ပိုမိုအားကောင်းသည့် ချိတ်ဆက်ဆောင်ရွက်နိုင်မှုများအပြင် တာဝန်ယူမှု၊ တာဝန်ခံမှုရှိသော ပုဂ္ဂလိကကဏ္ဍဖြစ်စေရန် ပံ့ပိုးပေးနိုင်မည့်အခင်းအကျင်းများလိုအပ်နေသည်ဟု ထောက်ပြထားသည်။

ထို့အပြင် မြန်မာနိုင်ငံ၏ ရေိယာသုံးပုံတစ်ပုံတွင် လက်နက်ကိုင်အဖွဲ့အစည်းများနှင့် လက်နက်ကိုင်ပဋိပက္ခများတည်ရှိနေခြင်းက စီးပွားရေးကဏ္ဍအတွက် ထပ်လောင်းစိန်ခေါ်မှုတစ်ခုဖြစ်စေသည်ဟု ကမ္ဘာ့ဘဏ်ကထောက်ပြသည်။ ဆက်လက်၍ မြန်မာနိုင်ငံ၏ မက်ခရိုစီးပွားရေးအပြောင်းအလဲမြန်ဆန်မှုသည် ၂၀၁၉ ဇွန်လက စတင်မြင့်တက်လာပြီး ဇူလိုင်အတွင်း၌ ငွေကြေးဖောင်းပွမှုနှုန်းသည် ဂဏန်းနှစ်လုံးအထိမြင့်တက်ခဲ့သည်ဟု ယင်းအစီရင်ခံစာတွင်ပါရှိသည်။

**Source:** https://7day.news/%E1%80%99%E1%80%BC%E1%80%94%E1% 80%BA%E1% 80%99% E1% 80% AC%E1%8

## စီးပွားရေးသံမှူးအသစ်များ တိုးချဲ့ခန့်ထားခြင်း

စီးပွားရေးနှင့်ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာနမှ မြန်မာနိုင်ငံ၏ ကုန်သွယ်မှုလုပ်ငန်းများ တိုးချဲ့မြှင့်တင်ဆောင်ရွက်သွားရန် ဘယ်ဂျီယမ်၊ တရုတ်(ဘီဂျင်း)၊ တရုတ် (ဟောင်ကောင်)၊ အိန္ဒိယ၊ ဂျပန်၊ ကိုရီးယား၊ စင်္ကာပူ၊ ထိုင်း၊ အမေရိကန်နိုင်ငံများတွင် စီးပွားရေးသံမှူးများ တာဝန်ထမ်းဆောင်လျက်ရှိပါသည်။ ယခုအခါ မြန်မာနိုင်ငံနှင့် ကုန်သွယ်မှုလုပ်ငန်းများ ထပ်မံတိုးချဲ့ဆောင်ရွက်ရန်အတွက် စီးပွားရေးနှင့်ကူးသန်းရောင်းဝယ်ရေးဝန်ကြီးရုံး အမိန့်ကြော်ငြာစာအမှတ် ၉/၂၀၂၀ ဖြင့် ၁၀.၁.၂၀၂၀ ပြည့်နှစ်တွင် ဂျာမဏီ၊ ဩစတြေးလျ၊ ဘရားဇီး၊ တောင်အာဖရိက၊ တရုတ်ပြည်သူ့သမ္မတနိုင်ငံ(ကူမင်း)တို့ကို စီးပွားရေးသံမှူးများ ထပ်မံတိုးချဲ့ခန့်အပ်ခဲ့ပါသည်။

စီးပွားရေးနှင့်ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာနမှ မြန်မာနိုင်ငံကိုယ်စားပြု စီးပွားရေးသံမှူးများအားစေလွှတ်၍ တာဝန်ပေးအပ်လျက်ရှိရာတွင် ယခင်က (၉) နိုင်ငံသို့ စီးပွားရေးသံမှူး (၁၀) ယောက်စေလွှတ်ထားရှိခဲ့ပြီး၊ အထက်ဖော်ပြပါ (၅) နိုင်ငံသို့ စီးပွားရေးသံမှူး (၅) ယောက် ထပ်မံတိုးချဲ့စေလွှတ်ခြင်းဖြင့် မြန်မာနိုင်ငံ၏ကုန်သွယ်မှုလုပ်ငန်းများကို ပိုမိုတိုးတက်အောင် ဆောင်ရွက်နိုင်စေရန်ရည်ရွယ်၍ စုစုပေါင်း စီးပွားရေးသံမှူး (၁၅) ယောက်ကို (၁၃) နိုင်ငံသို့ စေလွှတ်တာဝန်ပေးအပ်ခဲ့ခြင်းဖြစ်ပါသည်။

Source: MYANTRADE (TIR)

## ကျောက်မျက်ရတနာ အထူးကုန်စည်ခွန်ကို ရတနာခွန်အဖြစ်ပြောင်းလဲကောက်ခံမည်

ကျောက်မျက်ရတနာအမျိုးမျိုးကို အခွန်ပေးဆောင်ရသည့် အထူးကုန်စည်ခွန်အား ယခုနှစ်မှစတင်၍ ရတနာခွန်အဖြစ်ပြောင်းလဲကောက်ခံသွားမည်ဖြစ်ကြောင်း ပြည်တွင်းအခွန်များဦးစီးဌာန အခွန်ထမ်းကြီးများ ဆိုင်ရာအခွန်ရုံးမှ သိရသည်။ ကျောက်မျက်ရတနာများကို ရတနာခွန်အဖြစ် ပြောင်းလဲကောက်ခံရာတွင် စျေးကွက်အတွင်းရောင်းချသည့် တန်ဖိုးအပေါ်အခြေပြု၍ အခွန်ထမ်းဆောင်ရမည်ဖြစ်ပြီး ယခင်ထက်အခွန်ထမ်းဆောင်မှု အနည်းငယ်လျော့နည်းလာကြောင်းလည်း သိရသည်။ အရင်ကတော့ အထူးကုန်စည်ခွန်အနေနဲ့ ကောက်ခံပေမယ့် ဒီနှစ်မှာတော့ ရတနာခွန်နဲ့ ပြောင်းလဲကောက်ခံသွားမှာပါဟု အခွန်ထမ်းကြီးများဆိုင်ရာအခွန်ရုံး ဒုတိယညွှန်ကြားရေးမှူး ဒေါ်မင်းမင်းမှူးကပြောသည်။

ပြီးခဲ့သည့် ဘဏ္ဍာနှစ်တွင် အထူးကုန်စည်ခွန်အဖြစ် ကျောက်စိမ်းအရိုင်းထည်များကို ၁၅ ရာခိုင်နှုန်းကောက်ခံခဲ့ပြီး ယခုဘဏ္ဍာနှစ်တွင် ၁၁ ရာခိုင်နှုန်းကောက်ခံမည်ဖြစ်ကြောင်း၊ စိန်နှင့်မြမှအပ ပတ္တမြား၊ နီလာနှင့် အခြားအဖိုးတန်ကျောက်မျက်ရတနာအရိုင်းထည်များကို ယခင် ၁၀ ရာခိုင်နှုန်းမှ ယခု ၉ ရာခိုင်နှုန်းသို့ပြောင်းလဲကောက်ခံမည်ဖြစ်ကြောင်း သိရသည်။ ထို့ပြင် လက်ဝတ်ရတနာအချောထည်များကို(စိန်နှင့်မြမှအပ) ၅ ရာခိုင် နှုန်း၊ ကျောက်မျက်ရတနာဖြင့်ပြုလုပ်သောပစ္စည်းများကို ၅ ရာခိုင်နှုန်းအဖြစ် အခွန်ပေးဆောင်ရမည်ဖြစ်ကြောင်းသိရသည်။

Source: commerce.gov.mm, https://business.facebook.com/pg/SFJWeekly/posts/

## အာဆီယံစံနှုန်းစနစ်သုံးစွဲမှသာ လယ်မြေမှငါးမွေးကန်အဖြစ် ပြောင်းလဲခွင့်ပြုမည်

အာဆီယံစံနှုန်းစနစ်သုံး သည့် ငါးမွေးမြူရေး လုပ်ငန်းများ ကိုသာ လယ်မြေမှ ငါးမွေးကန်အဖြစ် ပြောင်းလဲလျှောက်ထားခွင့်ပြုမည်ဟု စိုက်ပျိုးရေး၊ မွေးမြူရေးနှင့်ဆည်မြောင်းဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဒေါက်တာအောင်သူကပြောသည်။ ကောင်းမွန်သော ရေသတ္တဝါမွေးမြူရေးကျင့်စဉ် (GAqP) စနစ်တကျအကောင်အထည်ဖော်ရေးနှင့်ဖွံ့ဖြိုးတိုးတက်ရေး အစည်းအဝေးတွင် ဝန်ကြီးကပြောကြားခြင်းဖြစ်သည်။ GAqP စနစ်ကျင့်သုံးခြင်းသည် နိုင်ငံခြားဝင်ငွေရရန်သာမက ပြည်တွင်းစားသုံးမှုတွင် ဘေးအန္တရာယ်ကင်းစေရန်ဖြစ်သည်ဟုဝန်ကြီးကဆိုသည်။

မွေးမြူရေးငါး၊ ပုစွန်နှင့်ကဏန်းပျော့များကို ဥရောပနိုင်ငံများသို့တင်ပို့နိုင်ရေး ဓာတ်ကြွင်းထိန်းချုပ်မှုကို နိုင်ငံတော်အဆင့် ဆောင်ရွက်ပုံအစီအစဉ်ကို ဥရောပသမဂ္ဂသို့တင်ခဲ့သည်။ နမူနာကောက်ဓာတ်ခွဲစစ်ဆေးမှုရလဒ်ကောင်းများကြောင့် ဥရောပသို့ မွေးမြူရေးငါး တင်ပို့ခွင့်ရသည်ဟုဆိုသည်။ သို့သော်အာဆီယံသတ်မှတ်ချက်ဖြစ်သည့် GAqP စနစ် အကောင်အထည်ဖော်ပြီးမှသာ ဆက်လက်တင်ပို့ခွင့်ပြုမည်ဟု ဝန်ကြီးကဆိုသည်။

ဥရောပနိုင်ငံများသို့ ရေထွက်ကုန်ပစ္စည်းတင်ပို့ခွင့်ရ သည့် စက်ရုံ ၂၅ ရုံရှိပြီး ပြီးခဲ့သည့် ဘဏ္ဍာနှစ်အတွင်း EU နိုင်ငံများ သို့ မြန်မာ့ရေထွက်ပို့ကုန်တန်ချိန် ၁၀၀၀၀ ကျော်တင်ပို့ခဲ့သည်။ မြန်မာ့ရေထွက်ကုန်များကို ၂၀၁၈ ကစ၍ တရုတ်၊ ထိုင်း၊ ဆော်ဒီ၊ ဂျပန်နိုင်ငံ အပါအဝင် နိုင်ငံ ၄၀ ကျော်သို့တင်ပို့နေသည်။ ပြည်ပငါးတင်ပို့မှုတွင် ငါး သလောက်၊ ကကတစ်၊ ငါးမြစ် ချင်း၊ ငါးခုံးမ၊ ငါးတန်စသည့် ငါးအမျိုးအစား ၂၀ ကျော်ရှိသည်။

**Source:** https://7day.news/%E1%80%A1%E1%80%AC%E1%80%86%E1%80%AE%E1%80%9A%E1%80%B6%E1%8

## မြန်မာ-ထိုင်းနယ်စပ်ကုန်သွယ်ရေး ယခင်ဘဏ္ဍာနှစ်ထက် ဒေါ်လာသန်း ၇၀ ကျော် ပိုမိုတင်ပို့နိုင်

တရုတ်နိုင်ငံနှင့် နယ်စပ်ကုန်သွယ်ရေးခက်ခဲနေချိန်တွင် ထိုင်းနိုင်ငံသို့ နယ်စပ်မှမြန်မာ့ပို့ကုန်တန်ဖိုးသည် ပြီးခဲ့သည့် ဘဏ္ဍာနှစ် ကာလတူထက် ဒေါ်လာသန်း ၇၀ ကျော်ပိုများကြောင်း စီးပွားရေးနှင့်ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာန လက်ထောက်အတွင်းဝန် ဦးခင်မောင်လွင်ကပြောသည်။ မြန်မာ-ထိုင်းနယ်စပ်ကုန်သွယ်ရေးစခန်းခုနစ်ခုမှ ၂၀၁၉-၂၀၂၀ ဘဏ္ဍာနှစ် သုံးလကျော်အတွင်း ပို့ကုန်တန်ဖိုး ဒေါ်လာသန်း ၁၈၀ ခန့်တင်ပို့ထားပြီး ကော့သောင်းနယ်စပ်မှ တင်ပို့မှု အများဆုံးဖြစ်သည်။ ပြီးခဲ့သည့် ဘဏ္ဍာနှစ်ကာလတူက နယ်စပ်ကုန်သွယ်ရေးဖြင့် ထိုင်းသို့ မြန်မာ့ပို့ကုန်ဒေါ်လာ သန်း ၁၂၀ ကျော်သာတင်ပို့နိုင်ခဲ့သည်။

မြန်မာနိုင်ငံမှ လယ်ယာထွက်ကုန်များ၊ ရေထွက်ကုန်များကို တိုးမြှင့်တင်ပို့နိုင်သည်ဟု ဦးခင်မောင်လွင်ကပြောသည်။ "ထိုင်း-မြန်မာနယ်စပ်ကုန်သွယ်ရေးက ဒီနှစ်မှာတိုးတက်မှုတွေများလာတယ်" ဟု ဦးခင်မောင်လွင်ကပြောသည်။ တရုတ်နိုင်ငံကအဝယ်လျှော့ချထားခြင်းကြောင့် ရှမ်းပြည်အပါအဝင် မြန်မာနိုင်ငံမှ စိုက်ပျိုးထုတ်လုပ်သော ပြောင်းဖူးစေ့ကို ထိုင်း နိုင်ငံသို့ နယ်စပ်များမှတစ်ဆင့်တင်ပို့နေသည်။ မြန်မာ၊ ထိုင်းနှစ်နိုင်ငံနယ် စပ်ကုန်သွယ်ရေးတွင် မြန်မာနိုင်ငံမှ ဒုတိယအများဆုံး တင်ပို့သည့် နယ်စပ်ကုန်သွယ်ရေးလမ်းကြောင်းသည် မြဝတီမြို့မှဖြစ်ပြီး ယခုဘဏ္ဍာနှစ်သုံးလကျော်၌ ဒေါ်လာသန်း ၆၀ ကျော် တင်ပို့ထားသည်။

နယ်စပ်ဖြတ်ကျော်ငွေပေးချေမှုနှင့် ငွေရှင်းလင်းမှုများအတွက် ကျပ်ငွေနှင့်ထိုင်းဘတ်ငွေ တိုက်ရိုက်လဲလှယ် အသုံးပြုနိုင်ရေး နှစ်နိုင်ငံဗဟိုဘဏ်ဥက္ကဋ္ဌများက နားလည်မှုစာချွန်လွှာ လက်မှတ်ရေးထိုးထားသည်။ အစိုးရတာဝန်ရှိသူများ၏ နိုင်ငံငွေကြေး တိုက်ရိုက်လဲလှယ်နိုင်မည့်အစီအစဉ်က နှစ်နိုင်ငံနယ်စပ်ကုန်သွယ်ရေး မြင့်တက်လာစေမည်ဟု မြဝတီနယ်စပ်မှ ကုန်သည် အချို့ကဆိုသည်။ လက်ရှိတွင် ထိုင်းဘတ်နှင့်မြန်မာကျပ်ငွေကို တိုက်ရိုက်လဲလှယ်သုံးစွဲနိုင်ရေး ပြည်တွင်းမှ ပုဂ္ဂလိကဘဏ် အချို့က ထိုင်းဘဏ်အချို့နှင့် ပူးပေါင်းဆောင်ရွက်ရန် ပြင်ဆင်နေသည်။

**Source:** https://7day.news/%E1%80%99%E1%80%BC%E1%80%94%E1%80%BA%E1%80%99%E1%80%AC-

## မတ်ပဲသစ်တစ်တန်လျှင် ကျပ် ၁၀ သိန်းအထက်ဈေးရပါက တောင်သူများအဆင်ပြေဟုဆို

အသစ်စတင်ထွက်ပေါ် လာသည့်မတ်ပဲကို တစ်တန်လျှင် ကျပ် ၁၀ သိန်းအထက်ဈေးရပါက တောင်သူများအတွက် အဆင်ပြေကြောင်း လယ်သမားဘဝဖွံ့ ဖြိုးရေးအသင်းဥက္ကဋ္ဌ ဦးသိန်းအောင်ကပြောသည်။ ၂၀၁၉ နှစ်ကုန်ပိုင်းအိန္ဒိယ အစိုးရ၏ ပဲမူဝါဒ အပြောင်းအလဲကြောင့် ပြည်တွင်းဈေးကွက်တွင် မတ်ပဲသည်တစ်တန်လျှင် ကျပ်ဆယ့်တစ်သိန်းသုံးသောင်းဈေးဖွင့်သည်။ အိန္ဒိယက တန်ချိန်နှစ်သိန်းခွဲ ထပ်မံတင်သွင်းမည့်အစီအစဉ်က ယခုနှစ် မတ်ပဲစိုက်တောင်သူများအတွက် သတင်း ကောင်းတစ်ခု ဖြစ်ခဲ့သည်ဟု ၎င်းကဆိုသည်။ “စပါးမှာခံခဲ့ရတဲ့ တောင်သူတွေက ပဲမှာပြန်ရရင်ယူထားတဲ့ အကြွေးအတွက်အဆင်ပြေတာပေါ့” ဟု ကိုယ်တိုင်မတ်ပဲကေ ၂၀ ကျော်စိုက်ပျိုးထားသည့် ဦးသိန်းအောင်ကဆိုသည်။

မိုးစပါးအပြီး ဆောင်းသီးနှံ အဖြစ် စိုက်ပျိုးသောမတ်ပဲက လက်ရှိတွင်ရိတ်သိမ်းပြီး ဈေးကွက်အတွင်းသို့ စတင်ဝင်လာသည်။ မတ်ပဲအသစ်စပေါ်ထွက်ချိန်တွင် နယ်ဈေးကွက်၌ မတ်ပဲတစ်တင်းလျှင် ကျပ်သုံးသောင်းရှစ်ထောင်ဈေးရှိနေသည်။ လက်ရှိတွင် အိန္ဒိယနိုင်ငံမှ မတ်ပဲဝယ်လိုအားလျော့ကျနေပြီး အိန္ဒိယကုန်သည်များက အစိုးရချထားပေးမည့်လိုင်စင်ကို စောင့်ပြီး ဝယ်နေသဖြင့် ပြည်တွင်းဈေးကွက်၌ မတ်ပဲတစ်တန်ကျပ်ဆယ့်တစ်သိန်းကျော်တွင် ဈေးငြိမ်နေသည်။ ထို့အတူ ပဲစင်းငုံကလည်း တစ်တန်လျှင် ကျပ်ခုနစ်သိန်းသုံးသောင်းဈေးဖွင့်သည်။ “ပြည်တွင်းဈေးနှုန်းက အိန္ဒိယလိုအပ်ချက်ပေါ် မူတည်တယ်လေ။ ကုန်သည်တွေကတော့ စောင့်ကြည့်နေတယ်” ဟု မြန်မာနိုင်ငံ ပဲမျိုးစုံနှင့်နှမ်းကုန်သည်အသင်းအတွင်းရေးမှူးဦးမင်းကိုဦးက ပြောသည်။ အိန္ဒိယနိုင်ငံတွင် ရာသီဥတုဖောက်ပြန်မှုကြောင့် မတ်ပဲလိုအပ်ချက်ရှိနေသော်လည်း လက်ရှိအခြေအနေက ခန့်မှန်းရ ခက်နေသည်ဟု ဘုရင့်နောင်ကုန်စည်ဒိုင်မှ ပဲကုန်သည်အချို့ကပြောသည်။

**Source:** https://7day.news/%E1%80%99%E1%80%90%E1%80%BA%E1%80%95%E1%80%B2%E1%80%9E%E1%80

## ရေထွက်ကုန်တင်ပို့မှု ဒေါ်လာသန်း ၂၅၀ ကျော်ရရှိထား

လက်ရှိဘဏ္ဍာနှစ် ရေထွက်ကုန်တင်ပို့မှုကနေ အမေရိကန် ဒေါ်လာသန်း ၂၅၀ ကျော်ရရှိထားပြီး ပြီးခဲ့တဲ့ကာလတူထက် ဒေါ်လာသန်း ၃၀ ကျော်တယ်လို့ ငါးလုပ်ငန်းဦးစီးဌာနက သိရပါတယ်။ ဒီနှစ် ၂၀၁၉-၂၀၂၀ ဘဏ္ဍာနှစ်မှာ အောက်တိုဘာလကနေ ဒီဇင်ဘာလအထိ ရေထွက်ကုန်တင်ပို့မှုကနေ ဒေါ်လာ ၂၅၇ သန်းကျော် ရရှိထားပါတယ်။ ပြီးခဲ့တဲ့ ၂၀၁၈-၂၀၁၉ ဘဏ္ဍာနှစ်က ဒေါ်လာသန်း ၂၂၀ ကျော် ရရှိခဲ့ပါတယ်။ ဒီနှစ်ဘဏ္ဍာနှစ်မှာ ရေထွက်ကုန်တင်ပို့မှုကနေ ရရှိဖို့လျာထားချက်က ပုံမှန်ကုန်သွယ်မှုကနေ ဒေါ်လာ ၂၇၈ သန်းကျော်ဖြစ်ပြီး နယ်စပ်ကုန်သွယ်ရေးကနေ ဒေါ်လာသန်း ၄၂၀ ကျော် ရရှိဖို့ဖြစ်ပါတယ်။သည့်အတွက် စုစုပေါင်းလျာထားချက်ဟာ ဒေါ်လာသန်း ၇၀၀ ကျော်ဖြစ်ပါတယ်။

ငါးလုပ်ငန်းဦးစီးဌာန ဒုတိယညွှန်ကြားရေးမှူးချုပ် ဦးမြင့်ဇင်ထူးက “လျာထားချက်ပြည့်မီအောင်လဲ ငါးလုပ်ငန်းဦးစီးဌာနနဲ့ သက်ဆိုင်ရာအိတ်စပို့တာအသင်းပေ့ါ၊ ရေထွက်ပစ္စည်းတင်ပို့သူများအသင်းနဲ့ ပူးပေါင်းပြီးတော့မှ ဆောင်ရွက်နေတယ်” လို့ ပြောပါတယ်။ ဒ့ါအပြင် ဒီနှစ်မှာ ငါးလုပ်ငန်းဦးစီးဌာနအနေနဲ့ ရေထွက်ကုန်တွေကို တရုတ်ကို တရားဝင်တင်ပို့နိုင်ရေးဆောင်ရွက်နေသလို ဆော်ဒီနိုင်ငံကိုလည်း အီးယူဈေးကွက်ကခွင့်ပြုထားတဲ့ မွေးမြူရေးငါးနဲ့ပုစွန်တွေတင်ပို့နိုင်ဖို့ ညှိနှိုင်းဆောင်ရွက်နေတယ်လို့ သိရပါတယ်။ လက်ရှိမှာ တရုတ်နိုင်ငံကို မြန်မာ့ရေထွက်ကုန်တွေ ဘဏ္ဍာနှစ်တစ်နှစ်မှာ အမေရိကန်ဒေါ်လာသန်း ၃၀၀ ဝန်းကျင်ခန့် တင်ပို့နေတယ်လို့သိရပါတယ်။ ပြီးခဲ့တဲ့ ၂၀၁၈-၂၀၁၉ ဘဏ္ဍာနှစ်မှာ ပြည်ပကို ရေထွက်ကုန်တင်ပို့မှုကနေ အမေရိကန်ဒေါ်လာ ၇၂၈ သန်းကျော်ရရှိခဲ့ပါတယ်။

**Source:** https://www.kumudranews.com/news-36746?fbclid=IwAR2uNm3bU_x4nHpngZ6Nj__nz-e6k3IxJQn8Zu_Fz5YFNMX7hg0tzfPdE3g

## မြန်မာ့ပြောင်းဖူးစေ့၊ ပဲပိစပ်၊ ဆန်ကွဲနဲ့ပီလောပီနံ တန်ချိန်ခုနစ်သိန်းဝယ်ယူဖို့ တရုတ်ကကမ်းလှမ်း

မြန်မာနိုင်ငံကနေ ပြောင်းဖူးစေ့၊ပဲပိစပ်၊ ဆန်ကွဲနဲ့ ပီလောပီနံတို့ကို စုစုပေါင်းတန်ချိန် ခုနစ်သိန်းဝယ်ယူဖို့ တရုတ်နိုင်ငံက ကမ်းလှမ်းလာတယ်လို့ မန္တလေးတိုင်းဒေသကြီး ကုန်သည်များနှင့်စက်မှုလက်မှုလုပ်ငန်းရှင်များအသင်း MRCCI က သိရပါတယ်။ တရုတ်နိုင်ငံ နန်နင်းမြို့က Guangxi Yizeda International Trade Co., Ltd က မြန်မာနိုင်ငံရှိ ပြောင်းဖူးစေ့၊ ပဲပိစပ်၊ ဆန်ကွဲနဲ့ ပီလောပီနံတို့ရဲ့ ဈေးနှုန်းတွေကို စုံစမ်းနေပြီး စုစုပေါင်းတန်ချိန် ခုနစ်သိန်းဝယ်ယူဖို့ ကမ်းလှမ်းလာတာကြောင့် ဈေးနှုန်း

အဆင်ပြေပါက စာချုပ်ချုပ်ဆိုပြီး ဝယ်ယူသွားဖို့ လုပ်ဆောင်နေတယ်လို့ အသင်းအလုပ်အမှုဆောင် ဦးဝင်းဌေးကပြောပါတယ်။ သူက " ကုမ္ပဏီက ဆန်၊ ပြောင်း၊ သကြားစတာတွေကို တင်သွင်းဖို့ ကိုတာရရှိထားတဲ့အတွက် ဝယ်ယူဖို့ကမ်းလှမ်းလာတာပါ၊ ဈေးနှုန်းတွေကိုလဲ သူတို့စိတ်ဝင်စားနေတယ်၊ ဒီဘက်ကအဆင်ပြေမယ့် လုပ်ငန်းရှင်တွေနဲ့ချိတ်ဆက်ပြီး နှစ်ဖက်ဆွေးနွေးလို့ ဈေးနှုန်းအဆင်ပြေရင်ဝယ်မှာပေါ့ "လို့ ပြောပါတယ်။

အဆိုပါ ကုမ္ပဏီက ဆန်၊ပြောင်း၊ သကြားစတာတွေကို ဝေပုံကျခွဲတမ်းစနစ် (Quota ) ရရှိထားတာဖြစ်ပါတယ်။ အဲဒါကြောင့် မြန်မာနိုင်ငံကောင်စစ်ဝန်ချုပ်ရုံးက စီးပွားရေးသံမှူးနဲ့ တွေ့ဆုံကာ ကုမ္ပဏီအနေနဲ့ မြန်မာနိုင်ငံက ပြောင်းစေ့၊ ပဲပိစပ်၊ ဆန်ကွဲနဲ့ ပီလောပီနံရောင်းချဖို့ အလားအလာရှိတဲ့အသင်းအဖွဲ့တွေ ၊ ကုမ္ပဏီတွေ၊ သက်ဆိုင်ရာကုန်သည်တွေနဲ့ လုပ်ငန်းရှင်တွေကို အသိပေးအကြောင်းကြားဖို့ ကမ်းလှမ်းလာတာဖြစ်ပါတယ်။ ကုမ္ပဏီအနေနဲ့ မြန်မာနိုင်ငံက ပြောင်းစေ့တန်ချိန် နှစ်သိန်း၊ ပဲပိစပ်တန်ချိန် နှစ်သိန်း၊ ပီလောပီနံ တန်ချိန် နှစ်သိန်းနဲ့ ဆန်ကွဲတန်ချိန် တစ်သိန်းဝယ်ယူလိုတယ်လို့ သိရပါတယ်။

**Source:** https://www.kumudranews.com/news-36738?fbclid=IwAR2_5CHrIdeDdsc7BDXIxgQuTuwEf2gYVcVBq0U MFd4fhbIzZnR Cu9xC1co

## မြန်မာ့သီးနှံ(၃)မျိုးရဲ့ အရည်အသွေးနဲ့ စံချိန်စံညွှန်းတွေကို သုတေသနဆောင်ရွက်နေ

တရုတ်ဈေးကွက်ကို တင်ပို့နိုင်ရန်အတွက် မြန်မာ့သီးနှံ (၃) မျိုးရဲ့ အရည်အသွေးနဲ့ စံချိန်စံညွှန်းတွေကို သုတေသနပြုဆောင်ရွက်နေတာဖြစ်ကြောင်း စိုက်ပျိုးရေးသုတေသနဦးစီးဌာနမှသိရပါတယ်။ မြန်မာ့သီးနှံ (၃) မျိုးဖြစ်တဲ့ ဖရဲ၊ သခွားမွှေး၊ အစေ့ထုတ်ပြောင်းတို့ကို တရုတ်ဈေးကွက် စံချိန်စံညွှန်းနဲ့ အရည်အသွေးရှိစေနိုင်ဖို့အတွက် စမ်းသပ်စိုက်ပျိုးသုတေသနပြုလုပ်နေတာဖြစ်တယ်လို့ စိုက်ပျိုးရေးသုတေသနဦးစီးဌာနမှ ညွှန်ကြားရေးမှူးချုပ် ဦးနိုင်ကြည်ဝင်းကပြောပါတယ်။

ဖရဲ၊ သခွားမွှေး၊ အစေ့ထုတ်ပြောင်းကို ဈေးကွက်စံချိန်စံညွှန်းနဲ့ အရည်အသွေးနဲ့အညီဖော်ထုတ်နေတယ်။ ပထမတစ်ရာသီတော့ စမ်းသပ်ပြီးသွားပါပြီ။ အခု ဒုတိယတစ်ရာသီ ထပ်ပြီးတော့စမ်းသပ်သွားမယ်။ နောက်တတိယရာသီမှာ သုတေသနစမ်းသပ်တာအောင်မြင်သွားပြီဆိုလို့ တရုတ်ဈေးကွက်အကြိုက်ဖြစ်သွားပြီဆိုရင် တင်ပို့နိုင်မှာပါ။ ဖရဲ၊ သခွားမွှေး၊ အစေ့ထုတ်ပြောင်းကို အာဆီယံအရည်အသွေးနဲ့ စံချိန်စံညွှန်းအတိုင်းတင်ပို့နိုင်ရေးအတွက် သုတေသနပြုဆောင်ရွက် နေတာဖြစ်ကြောင်း အဆိုပါဌာနမှသိရပါတယ်။ အဆိုပါသုတေသနဖော်ထုတ်နိုင်ရေးအတွက် တရုတ်ပြည်သူ့သမ္မတနိုင်ငံနဲ့ နားလည်မှုစာချွန်လွှာ MoU ကို ၂၀၁၈ခုနှစ်အတွင်းကရေးထိုးကာ ပူးပေါင်းဆောင်ရွက်နေတာဖြစ်ကြောင်း စိုက်ပျိုးရေးသုတေသနဦးစီးဌာနမှသိရပါတယ်။

**Source:** https://greenwaymyanmar.com/posts/research_of_standard_for_three_kinds_of_crops? fbclid= IwAR1M9gbzwgl1sKHiSaMF2zyO3UP6QdYHjvyxGDOo-UOy_Ggcy7oWDel8Q8g

## အမေရိကန်နှင့်အီရန်တင်းမာမှုကြောင့် ကမ္ဘာ့ရွှေဈေးမြင့်တက်လျက်ရှိသော်လည်း ပြည်တွင်းရွှေဈေးသည် ကျပ် ၁၂ သိန်း ဝန်းကျင်သာရှိနေမည်ဟု ရန်ကုန်တိုင်းရွှေလုပ်ငန်းရှင်များအသင်းဥက္ကဋ္ဌပြောကြား



အမေရိကန်နှင့် အီရန်တင်းမာမှုကြောင့် ကမ္ဘာ့ရွှေဈေး မြင့်တက်လျက်ရှိသော်လည်း ပြည်တွင်းရွှေဈေးသည် ကျပ် ၁၂ သိန်းဝန်း ကျင်သာရှိနေမည်ဖြစ်ကြောင်း ရန်ကုန်တိုင်းဒေသကြီး ရွှေလုပ်ငန်းရှင်များအသင်း ဥက္ကဋ္ဌဦးမျိုးမြင့်က ပြောကြားခဲ့သည်။ ဇန်နဝါရီ ၁၃ ရက်က ရန်ကုန်တိုင်းဒေသကြီး ရွှေလုပ်ငန်းရှင်များအသင်း၌ပြုလုပ်သည့် ငွေကြေးခဝါချမှု တိုက်ဖျက်ရေးကိစ္စအားရှင်းလင်းခြင်း အစည်းအဝေးတွင် The Daily Eleven သတင်းစာ၏မေးမြန်းမှုကို ဖြေကြားကြားရာတွင် ယခုကဲ့သို့ထည့် သွင်းပြောကြားခဲ့ခြင်းဖြစ်သည်။ "မတင်းမာခင်က မြန်မာ့ရွှေဈေးဟာ ၁၁ သိန်း ၄ သောင်းထိတောင်ရှိပါတယ်။ အဲဒီနေစပြီး ပစ်ခတ်တာတွေလည်းလုပ်ရော တောက်လျှောက်တက်သွားတာပဲ။ ကမ္ဘာ့ဈေးက ဒေါ်လာ ၁၆၁၀ လောက်ထိအောင် ဖြစ်သွားတယ်။ အဲဒီလိုဖြစ်သွားပြီးတော့ ဒီမှာလည်း ၁၂ သိန်း ၃ သောင်းလောက်ဖြစ်သွားတယ်။ ထရန့်မိန့်ခွန်းပြောသွားတာလည်း တော်တော်ကောင်းသွားပါတယ်။ အမေရိကန်နဲ့တရုတ် လက်မှတ်ထိုးမယ်ဆိုတာ အဲဒါလည်း

နောက်ဆက်တွဲပါလာတယ်။ ပါလာတော့ တရုတ်က ရွှေမဝယ်တော့ဘူးဆိုရင် ကမ္ဘာ့ရွှေဈေးကပြန်ကျသွားပါမယ်။ မြန်မာ့ရွှေဈေးကတော့ သိပ်ပြီးအတက်ကြီး လောက်မဖြစ်နိုင်တော့ဘူး။ ကျွန်တော်တို့ ဒေါ်လာဈေးဆို ဒီမှာက မြန်မာငွေပြန်မာ သွားတယ်ပေါ့။ ပြန်မာသွားတဲ့အတွက် ကျွန်တော်တို့ ဒေါ်လာဈေးကျသွားတယ်။ ကျသွားတော့ ရွှေဈေးကလည်းသိပ်ပြီးတော့မတတ်နိုင်တော့ပါဘူး။ ဒီပတ်ဝန်းကျင်လောက်ပဲသွားနေမယ်။ ၁၂ သိန်းပတ်ချာလည်လောက်ပဲသွားနေမယ်" ဟု ရန်ကုန်တိုင်းဒေသကြီး ရွှေလုပ်ငန်းရှင်များအသင်း ဥက္ကဋ္ဌဦးမျိုးမြင့်က ပြောကြားသည်။

ထို့ပြင်ရွှေဈေးကွက်အတွင်း ငွေကြေးခဝါချမှုများပေါ်ပေါက်လျှင် သတင်းပေးပို့နိုင်ပြီး မမှန်သတင်းပေးပါက ထောင်သုံးနှစ်နှင့်အထက် ချမှတ်ခံရမည်ဖြစ်ကာ သတင်းမှန်ပါက ဆုကြေးငွေငါးရာခိုင်နှုန်းရမည်ဟု ညွှန်ကြားချက်တွင် ပါဝင်ကြောင်း ၎င်းကဆက်လက်ပြောကြားသည်။ "ငွေကြေးခဝါချမှုနဲ့ပတ်သက်လို့လည်း ဗဟိုအဖွဲ့ရှိတယ်။ ဗဟိုငွေကြေးခဝါချမှုအဖွဲ့ရှိတယ်။ နောက်စုံစမ်းထောက်လှမ်းရေးအဖွဲ့ရှိတယ်။ စိစစ်ရေးအဖွဲ့ရှိတယ်။ နောက်တစ်ခါစုံစမ်းရေးအဖွဲ့ရှိတယ်။ နောက်ပြီး သတင်းပေး အဖွဲ့အစည်းတွေလည်းရှိတယ်။ သတင်းပေးအဖွဲ့အစည်းတွေဟာလည်း ကျွန်တော်တို့ မှားယွင်းပြီးတော့ သတင်းပေးလို့ရှိရင် ထောင်ဒဏ်သုံးနှစ်ကနေအထက် ကျခံရမယ်ဆိုပြီးတော့ပြဋ္ဌာန်းချက် ထုတ်ထားပါတယ်။ တကယ်လို့ သတင်းပေးတဲ့သူက မှန်ကန်တယ်ဆိုရင် ငါးရာခိုင်နှုန်းဘောနပ်ဆုရမယ်ဆိုပြီး ညွှန်ကြားချက်မှာပါပါတယ်။ အဲဒါတွေကလည်း ကျွန်တော်တို့ ဒီမှာတော့သိအောင် ပြောပြထားတဲ့သဘောပဲရှိပါတယ်" ဟု ၎င်းကဆိုသည်။ လက်ရှိတွင် တစ်နေ့လျှင် ရွှေပိဿာချိန် ၅၀ ခန့် အရောင်းအဝယ်ဖြစ်နေပြီး ဆိုင်များမှ ပြန်ရောင်းသည်များရှိသကဲ့သို့ လိုအပ်၍ကုန်ကြမ်းစုခြင်းများလည်း ရှိကြောင်း ဦးမျိုးမြင့်၏ ပြောကြားချက်အရသိရသည်။

**Source:** https://news-eleven.com/article/154336

## ဒိန်းမတ်နိုင်ငံ၏ ပံ့ပိုးမှုဖြင့် ရခိုင်ပြည်နယ်တွင် ဖန်လုံအိမ်နည်းပညာဖြင့် ငါးခြောက်လုပ်ငန်းပြုလုပ်




ရခိုင်ပြည်နယ် ကျောက်ဖြူခရိုင် ၊ ပြင်ဖြူမော်ကျေးရွာတွင် နေရောင်ခြည်စွမ်းအင်သုံး ဖန်လုံအိမ်နည်းပညာဖြင့် ငါးခြောက်လုပ်ငန်းများကို စမ်းသပ်ဆောင်ရွက်နေပြီဖြစ်သလို အသုံးတည့်သည်ဟု မြန်မာနိုင်ငံဆိုင်ရာ ဒိန်းမတ်သံရုံးက ထုတ်ပြန်ထားပါတယ်။ ငါးခြောက်လှန်းလုပ်ငန်းများ ပြုလုပ်ရာတွင် ယခင်က ငါးများကို လေဟာပြင်ထဲမှာထားပြီး နေရောင်ခံခြင်းဖြင့်ပြုလုပ်ခဲ့ကြပေမယ့်လည်း ယခုအခါ ဖန်လုံအိမ်နည်းပညာဖြင့် ငါးခြောက်လှမ်းရန် စမ်းသပ်ဆောင်ရွက်နေခြင်းဖြစ်ပါတယ်။

နေရောင်ခြည်စွမ်းအင်သုံး ငါးခြောက်လှမ်းစင်နှင့် အခြောက်ခံအိမ်ထဲတွင် ငါးများကိုလှမ်းခြင်းအားဖြင့် ဖုန်နှင့်ပိုးမွှားများမဝင်အောင် တားဆီးနိုင်သကဲ့သို့ ငါးခြောက်၏အရည်အသွေးကိုလည်း တိုးတက်ကောင်းမွန်စေတယ်လို့ဆိုပါတယ်။

ထို့အတူ ငါးခြောက်လုပ်ငန်းလုပ်ကိုင်သူများအနေဖြင့် ပိုးမွှားများကိုနှင်ထုတ်ရန် အစားအစာသုံး ပိုးသတ်ဆေးများကိုလည်း သုံးစရာမလိုတော့ကြောင်း သိရပါတယ်။ အဆိုပါစီမံချက်ကို ဒိန်းမတ်နိုင်ငံ၏ ရေရှည်တည်တံ့သည့် ကမ်းရိုးတမ်းရေလုပ်ငန်း အစီအစဉ်မှ ပံ့ပိုးပေးထားခြင်းဖြစ်တယ်လို့ ဒိန်းမတ်သံရုံး၏ ထုတ်ပြန်ထားမှုအရသိရပါတယ်။

**Source: SME Development Department**

## ပြည်နယ်နှင့်တိုင်းဒေသကြီးများ၏ ဦးစားပေးရင်းနှီးမြှုပ်နှံမှုကဏ္ဍ ငါးခုစီထုတ်ပြန်



ရင်းနှီးမြှုပ်နှံမှုနှင့် နိုင်ငံခြားစီးပွားဆက်သွယ်ရေးဝန်ကြီးဌာနက ပြည်နယ်နှင့်တိုင်းဒေသကြီးအသီးသီးအတွက် ဦးစားပေးရင်းနှီးမြှုပ်နှံမှုကဏ္ဍငါးခုစီကို ထုတ်ပြန်ခဲ့သည်။ ပြည်တွင်း၊ ပြည်ပရင်းနှီးမြှုပ်နှံမှုများကို ဆွဲဆောင်နိုင်ရန် ယခုကဲ့သို့ ဦးစားပေးရင်းနှီးမြှုပ်နှံမှုကဏ္ဍများ ထုတ်ပြန်ခဲ့ခြင်းဖြစ်ပြီး အဆိုပါကဏ္ဍများနှင့် ဆက်စပ်ပြီး အခွန်သက်သာခွင့်များလည်းပါဝင်ခဲ့သည်။ ပြည်နယ်နှင့်တိုင်းဒေသကြီးအသီးသီး၏ ဦးစားပေးရင်းနှီးမြှုပ်နှံမှုကဏ္ဍငါးခုတွင် စိုက်ပျိုးရေးနှင့် ဆက်စပ်စီးပွားရေးလုပ်ငန်း၊ ကုန်ထုတ်လုပ်မှုလုပ်ငန်း၊ ဟိုတယ်နှင့်ခရီးသွားလုပ်ငန်းနှင့် အခြေခံအဆောက်အအုံလုပ်ငန်းများသည် အဓိကပါဝင်ခဲ့ကြသည်။

ရန်ကုန်တိုင်းဒေသကြီးမှလွဲ၍ အခြားပြည်နယ်နှင့်တိုင်းဒေသကြီးများတွင် အဆိုပါဦးစားပေး ရင်းနှီးမြှုပ်နှံမှုလုပ်ငန်းကဏ္ဍများကို ရင်းနှီးမြှုပ်နှံလျှင် အခွန်သက်သာခွင့် ငါးနှစ်မှခုနစ်နှစ်အထိ ရရှိမည်ဖြစ်သည်။ ရန်ကုန်တိုင်းဒေသကြီးတွင် ဦးစားပေးရင်းနှီးမြှုပ်နှံမှုများကိုလုပ်ကိုင်ပါက သုံးနှစ်မှငါးနှစ်အထိ အခွန်သက်သာခွင့်ပေးမည်ဖြစ်သည်။ "ကျွန်တော်တို့ကတော့ ပြည်တွင်းရော၊ ပြည်ပရော ရင်းနှီးမြှုပ်နှံမှုတွေကို အလေးပေးဖိတ်ခေါ်နေပါတယ်။ လက်ရှိမှာတော့ နိုင်ငံတကာက ရင်းနှီးမြှုပ်နှံသူတွေက အလတ်စားလျှပ်စစ်ထုတ်လုပ်ရေးလုပ်ငန်းတွေမှာ ရင်းနှီးမြှုပ်နှံဖို့ စိတ်ဝင်စားကြပြီး ပြည်နယ်အစိုးရနဲ့ ရင်းနှီးမြှုပ်နှံသူတွေအကြား နားလည်မှုစာချွန်လွှာတွေ ရေးထိုးထားပါတယ်။ အခြားကဏ္ဍတွေမှာ ရင်းနှီးမြှုပ်နှံသူတွေ လာရောက်ရင်းနှီးမြှုပ်နှံကြဖို့ အာရုံစိုက်ဆောင်ရွက်နေပါတယ်"ဟု ချင်းပြည်နယ်၊ စည်ပင်သာယာရေး၊ လျှပ်စစ်နှင့် စက်မှုလက်မှုဝန်ကြီး ဦးစိုးထက်က မြန်မာတိုင်း(မ်)သို့ပြောသည်။

**Source:** https://myanmar.mmtimes.com/news/133804.html

## ချောင်းဦးမြို့နယ်နှင့်မုံရွာမြို့နယ်များ၌ ဖရဲ၊ သခွားဧက ၁၀၀၀၀ ကျော်စိုက်ပျိုးထား



ချောင်းဦးမြို့နယ် ပေါက်အင်းစိုက်ကွင်းအတွင်း ဖရဲ၊ သခွားများ စတင်တိုင်ထောင်စိုက်ပျိုးနေရာ ပေါက်အင်းဒေသအပါအဝင် ချောင်းဦး၊ မြောင်နှင့် မုံရွာမြို့နယ်များတွင် ဧက ၁၀၀၀၀ ကျော် စိုက်ပျိုးလျက်ရှိကြောင်း စစ်ကိုင်းတိုင်း ဖရဲ၊ သခွား စိုက်ပျိုးထုတ်လုပ်တင်ပို့ရောင်းချရေးအသင်းဥက္ကဋ္ဌ ဦးစိုးလွင်ထံမှ သိရသည်။ ''ချောင်းဦးမြို့နယ် ပေါက်အင်းဒေသအပါအဝင် ချောင်းဦး၊ မြောင်၊ မုံရွာမြို့နယ်တွေမှာ ဧက ၁၀၀၀၀ ဝန်းကျင် ဖရဲ၊ သခွား စိုက်နေပါတယ်။ မိုးစိုက်အနေနဲ့ ကုန်းသီးက စိုက်ပြီးရောင်းချပြီးသွားပြီ။ ပေါက်အင်းမြေ ပေါင်စပ်တွေမှာ စိုက်တဲ့ ဖရဲ၊ သခွားတွေတောင် ဈေးကွက်ရောင်းနေတဲ့ အဆင့်ရောက်နေပြီ။ ပေါက်အင်းထဲကတော့ တိုင်ထောင်စစိုက်နေသလို ပေါင်းရှင်းတာတွေလုပ်နေပါတယ်။ ကွင်းထဲမှာ စလယ်ဆုံး အကုန်အစုံရှိနေတာပေါ့။ စိုက်စရိတ်က အရင်ကထက် ပိုကြီးလာတယ်။ လုပ်အားခစရိတ်၊ သွင်းအားစုစရိတ်တွေ ဆေးမြေဩဇာအစ အကုန်ဈေးတွေတက်နေတယ်။ အရင်က တစ်ဧကို ၃၅ သိန်းလောက်ရင်းရာကနေ အခုဆို ၄၅ သိန်း၊ သိန်း ၅၀ လောက် ရင်းနေရတယ်''ဟု ဦးစိုးလွင်ကပြောသည်။

ချောင်းဦးမြို့နယ်တွင် ဖရဲ၊ သခွားကို နှစ်စဉ်မိုးဆောင်းဧက ၁၀၀၀၀ ကျော် စိုက်ပျိုးလျက်ရှိပြီး ယခင် ၂၀၁၈-၂၀၁၉ စိုက်ပျိုးရာသီက ဖရဲ၊ သခွားစိုက်ဧက ၁၃၂၄၆ ဧကစိုက်ခဲ့ပြီး၊ ယခု ၂၀၁၉-၂၀၂၀ စိုက်ပျိုးရာသီဖြစ်သည့် လက်ရှိကာလအထိ ဧက ၈၀၀၀ ကျော် စိုက်ပျိုးထားကြောင်း ချောင်းဦးမြို့နယ် စိုက်ပျိုးရေးဦးစီးဌာနမှသိရသည်။ ''ပြီးခဲ့တဲ့နှစ်က ချောင်းဦးမြို့နယ် ဖရဲ၊ သခွားစိုက်တောင်သူတွေအနေနဲ့ IPM စနစ်နဲ့စစိုက်တာ ၁၀ ဧကလောက်ရှိတယ်။ အခုနှစ်မှာ ဧက ၁၀၀ လောက်ရှိလာပြီ။ အဲဒီစနစ်က ပိုးသတ်ဆေးလျှော့သုံးတော့ သဘာဝပတ်ဝန်းကျင် မညစ်ညမ်းတဲ့စနစ်ပါ''ဟု ချောင်းဦးမြို့နယ် စိုက်ပျိုးရေးဦးစီးမှူး ဒေါ်ခင်မြတ်မြတ်ဦးက ပြောသည်။

**Source:** https://myanmar.mmtimes.com/news/133790.html

## ကျောက်ဖြူမြို့နယ်တွင် သဘာဝဓာတ်ငွေ့နှင့် စွန့်ပစ်အပူသုံး ဓာတ်အားပေးစက်ရုံ တည်ဆောက်ရန် MIC ခွင့်ပြု



မြန်မာနိုင်ငံရင်းနှီးမြှုပ်နှံမှုကော်မရှင်မှ ရခိုင်ပြည်နယ်တွင် ဆောင်ရွက်မည့် လျှပ်စစ်ဓာတ်အားထုတ်လုပ်ခြင်းအပြင် အခြားရင်းနှီးမြှုပ်နှံမှုလုပ်ငန်းများကို မြန်မာနိုင်ငံရင်းနှီးမြှုပ်နှံမှုကော်မရှင်၏ (၁/ ၂၀၂၀) ကြိမ်မြောက် အစည်းအဝေးမှာခွင့်ပြုခဲ့ပါတယ်။ အဆိုပါ အစည်းအဝေးကို ဇန်နဝါရီလ ၁၀ ရက်နေ့ နံနက်ပိုင်းက ရန်ကုန်မြို့ရှိ ကော်မရှင် အစည်းအဝေးခန်းမမှာ ကျင်းပပြုလုပ်ခဲ့ပြီး အစည်းအဝေးသို့ မြန်မာနိုင်ငံ ရင်းနှီးမြှုပ်နှံမှုကော်မရှင်ဥက္ကဋ္ဌ ဦးသောင်းထွန်း၊ ဒုတိယဥက္ကဋ္ဌ ဒေါက်တာ သန်းမြင့်နှင့် အဖွဲ့ဝင် (၁၁) ဦး တက်ရောက်ခဲ့ကြပါတယ်။ အစည်းအဝေးတွင် ရခိုင်ပြည်နယ် ကျောက်ဖြူခရိုင်၊ ကျောက်ဖြူမြို့နယ်၊ ဂုံးချိန်ကျေးရွာအုပ်စုမှာ ရင်းနှီးမြှုပ်နှံမည့် (၁၃၅) မဂ္ဂါဝပ် ထုတ်လုပ်နိုင်သော သဘာဝဓာတ်ငွေ့နှင့် စွန့်ပစ်အပူသုံး ဓာတ်အားပေးစက်ရုံ တည်ဆောက်ပြီး လျှပ်စစ်ဓာတ်အား ထုတ်လုပ်ရောင်းချခြင်းလုပ်ငန်းအပါအဝင် အခြားကဏ္ဍ၊ စက်မှုကဏ္ဍနှင့်ဟိုတယ် ကဏ္ဍတို့မှ လုပ်ငန်း (၆) ခု ခွင့်ပြုခဲ့ပါတယ်။

အဆိုပါ လုပ်ငန်းများ၏ ရင်နှီးမြှုပ်နှံမှုပမာဏမှာ အမေရိကန်ဒေါ်လာ (၂၅၇ ဒသမ ၈၂) သန်းနှင့် ကျပ် (၆၀,၂၂၈ ဒသမ ၃၀) သန်းရှိပြီး ပြည်တွင်းလုပ်သားများအတွက် အလုပ်အကိုင်အခွင့်အလမ်းပေါင်း (၁,၃၁၇) နေရာကို ဖန်တီးပေးနိုင်မှာ ဖြစ်ပါတယ်။ ၂၀၁၉ ခုနှစ် နိုဝင်ဘာလကုန်အထိ ရင်းနှီးမြှုပ်နှံမှုအများဆုံး ပြုလုပ်သောနိုင်ငံများမှာ စင်ကာပူနိုင်ငံ၊ တရုတ်ပြည်သူ့သမ္မတနိုင်ငံနှင့် ထိုင်းနိုင်ငံတို့ဖြစ်ပါတယ်။ နိုင်ငံပေါင်း (၅၀) မှ စီးပွားရေးကဏ္ဍ (၁၂) ခုတွင် အများဆုံး ရင်းနှီးမြှုပ်နှံထားရှိမှုမှာ ရေနံနှင့် သဘာဝဓါတ်ငွေ့ကဏ္ဍတွင် စုစုပေါင်းရင်းနှီးမြှုပ်နှံမှု၏ (၂၇ ဒသမ ၀၄ ရာခိုင်နှုန်း) ဖြင့်လည်းကောင်း၊ လျှပ်စစ်ကဏ္ဍတွင် စုစုပေါင်း ရင်းနှီးမြှုပ်နှံမှု၏ (၂၆ ဒသမ ၁၅ ရာခိုင်နှုန်း) ဖြင့်လည်းကောင်း၊ ကုန်ထုတ်လုပ်မှုကဏ္ဍတွင် စုစုပေါင်းရင်းနှီးမြှုပ်နှံမှု၏ (၁၄ ဒသမ ၀၁) ရာခိုင်နှုန်းဖြင့်လည်းကောင်း ရင်းနှီးမြှုပ်နှံထားပါတယ်။

**Source: DICA** https://www.industrialdirectory.com.mm/articles/investment/item/2659-mic-permit-six-other-investments-are-being-made-in-addition-to-generating-electricity-in-rakhine-state-02.h

## မြန်မာ-တရုတ် ရေနံနှင့်သဘာဝဓာတ်ငွေ့ပိုက်လိုင်းစီမံကိန်း ၁၀ နှစ်အတွင်း လူမှုအကျိုးပြုလုပ်ငန်းများဆောင်ရွက်မှု ဒေါ်လာ ၂၇ သန်းကျော်ရှိဟုဆို




မြန်မာ-တရုတ် ရေနံနှင့်သဘာဝဓာတ်ငွေ့ပိုက်လိုင်း စီမံကိန်း ၁၀ နှစ်တာအတွင်း အမေရိကန်ဒေါ်လာ ၂၇ သန်းကျော် လူမှုအကျိုးပြုလုပ်ငန်းများ ဆောင်ရွက်ခဲ့ကြောင်း ရေနံနှင့်သဘာဝဓာတ်ငွေ့ပိုက်လိုင်းစီမံကိန်း ပြောရေးဆိုခွင့်ရှိသူ မစ္စတာ Li Zilin က ရန်ကုန်မြို့ Melia ဟိုတယ်၌ကျင်းပသည့် မြန်မာ-တရုတ် ရေနံနှင့်သဘာဝဓာတ်ငွေ့ပိုက်လိုင်းစီမံကိန်း၏ လူမှုရေးတာဝန်ယူမှုဆိုင်ရာအစီရင်ခံစာမိတ်ဆက်ပွဲတွင်ပြောသည်။ "မြန်မာ-တရုတ် ရေနံနှင့်သဘာဝဓာတ်ငွေ့ပိုက်လိုင်းစီမံကိန်းကြီးက နိုင်ငံတကာစီးပွားရေး ပူးပေါင်းဆောင်ရွက်တဲ့ စီမံကိန်းကြီးတစ်ခုဖြစ်ပါတယ်။ စီမံကိန်းက MOGE၊ CNPC၊ POSCO International စတဲ့ မိတ်ဖက်ကုမ္ပဏီတို့နှင့်အတူ ပူးပေါင်းဆောင်ရွက်ခဲ့တဲ့ စီမံကိန်းဖြစ်ပါတယ်။ စီမံကိန်း စတင်ဆောင်ရွက်ကတည်းက win-win ဆိုတဲ့ယုံကြည်ချက်ကို အစဉ်အမြဲလိုက်နာကျင့်သုံးကာ အပြည်ပြည်ဆိုင်ရာစံချိန်စံနှုန်းနဲ့အညီ အရည်အသွေးပြည့်ပြီး လုံခြုံစိတ်ချရတဲ့ ပိုက်လိုင်းစီမံကိန်းကိုတည်ဆောက်ခဲ့တဲ့အပြင် ပိုမိုခိုင်မာတည်တံ့တဲ့ ကုမ္ပဏီတာဝန်ယူမှုကိုလည်း ဖော်ဆောင်လျက်ရှိပါတယ်"ဟု ၎င်းကပြောဆိုသည်။ ထို့အပြင် ကုမ္ပဏီသည် လူမှုရေးတာဝန်ယူမှုဆိုင်ရာလုပ်ငန်းများကို အစဉ်အမြဲလုပ်ကိုင်ဆောင်ရွက်လျက်ရှိပြီး တည်ဆဲဥပဒေနှင့်အညီ စီမံခန့်ခွဲကာ မြန်မာနိုင်ငံဒေသဖွံ့ဖြိုးတိုးတက်ရေးအတွက် လူမှုရေး၊ စီးပွားရေးနှင့်ယဉ်ကျေးမှုပိုင်းဆိုင်ရာလုပ်ငန်းများကို ဆောင်ရွက်လျက်ရှိကြောင်း မြန်မာနှင့် တရုတ်နှစ်နိုင်ငံကြား ချစ်ကြည်ရေးပေါင်းကူးတံတားတစ်စင်း တည်ဆောက်နိုင်ခဲ့ကြောင်း ၎င်းကပြောသည်။

မြန်မာ-တရုတ်နှင့် သဘာဝဓာတ်ငွေ့ပိုက်လိုင်း စီမံကိန်းသည် အခြားမိတ်ဖက်ကုမ္ပဏီများနှင့်ပူးပေါင်းကာ ပိုက်လိုင်းတစ်လျှောက်ရှိ ဒေသဖွံ့ဖြိုးတိုးတက်ရေးအတွက် ဆောင်ရွက်လျက်ရှိကြောင်း၊ ၂၀၁၉ ခုနှစ် ဒီဇင်ဘာ အထိ စီမံကိန်းပိုက်လိုင်းတစ်လျှောက် ဒေသ ဖွံ့ဖြိုးတိုးတက်အတွက် အမေရိကန်ဒေါ်လာ ၂၇ သန်း ကျော်ကို လှူဒါန်းခဲ့ကာ ပညာရေး၊ လမ်းပြုပြင်ရေး၊ လျှပ်စစ်ဓာတ်အားရရှိရေး၊ ကျန်းမာရေး၊ ရေပေးဝေ ဆက်သွယ်ရေး စသည့်အခြေခံ အဆောက်အအုံဆိုင်ရာလုပ်ငန်း ၂၁၆ ခုကို ဆောင်ရွက်ခဲ့ကြောင်း၊ သဘာဝဘေးဆိုင်ရာ ကယ်ဆယ်ရေးလုပ်ငန်း ၆၆ ခုကိုလည်း ဆောင်ရွက်နိုင်ခဲ့ပြီး ဒေသဆိုင်ရာ ပညာရေးနှင့် နေထိုင်မှုဘဝမြှင့်တင်စေရန်ရည်ရွယ်ကာ CSR လုပ်ငန်းများကို အကောင်အထည်ဖော်ဆောင်ရွက်လျက်ရှိကြောင်း သိရသည်။ အဆိုပါစီမံကိန်းကို ၂၀၁၀ ပြည့်နှစ်တွင်စတင်ခဲ့ပြီး ၂၀၁၃ ခုနှစ် ဇူလိုင် ၁၅ ရက်တွင် သဘာဝဓာတ်ငွေ့စတင်ထုတ်လုပ်ကာ ဇူလိုင် ၂၈ ရက်တွင် တရုတ်နိုင်ငံသို့ စတင်ထုတ်လွှတ်ခဲ့သည်။ ထို့နောက် စက်တင်ဘာ ၇ ရက် တွင် မြန်မာနိုင်ငံသို့ စတင်ခွဲဝေထုတ်လွှတ်ပေးခဲ့သည်။ ၂၀၁၉ ခုနှစ် ဒီဇင်ဘာ ၃၁ ရက်အထိ မြန်မာ-တရုတ် သဘာဝဓာတ်ငွေ့ပိုက်လိုင်းမှ တရုတ်နိုင်ငံသို့ သဘာဝ ဓာတ်ငွေ့ ကုဗမီတာ ၂၄ ဒသမ ၆၅၆၁ ဘီလီယံနှင့် မြန်မာနိုင်ငံသို့ ၄ ဒသမ ၀၇၈၈ မီလီယံ ထုတ်လွှတ် ပေးခဲ့ကြောင်းသိရသည်။

**Source:** https://myanmar.mmtimes.com/news/133794.html

## မြန်မာနိုင်ငံ၏ အထည်အလိပ်နှင့်အဝတ်အထည်ကဏ္ဍ ဖွံ့ဖြိုးတိုးတက်စေရန် အမျိုးသားအဆင့် အထည်အလိပ်မူဝါဒ National Textile Policy ပြဋ္ဌာန်းနိုင်ရေး ဆောင်ရွက်လျက်ရှိ



မြန်မာနိုင်ငံ၏ အထည်အလိပ်နှင့်အဝတ်အထည်ကဏ္ဍ ဖွံ့ဖြိုးတိုးတက်စေရန်အတွက် အမျိုးသားအဆင့်အထည်အလိပ်မူဝါဒ National Textile Policy ပြဋ္ဌာန်းနိုင်ရေး ရေးဆွဲလျက်ရှိကြောင်း စီမံကိန်း၊ ဘဏ္ဍာရေးနှင့်စက်မှုဝန်ကြီးဌာနမှသိရသည်။ မြန်မာနိုင်ငံ၏ အထည်အလိပ်နှင့်အဝတ်အထည်ကဏ္ဍ ဖွံ့ဖြိုးတိုးတက်စေရန်အတွက် မိတ်ဖက်အဖွဲ့အစည်းများနှင့်ပူးပေါင်း၍ အမျိုးသားအဆင့် အထည်အလိပ်မူဝါဒ National Textile Policy ကို ၂၀၁၈ ခုနှစ် ဇန်နဝါရီလမှစ၍ရေးဆွဲခဲ့ပြီး ဆက်စပ်ဝန်ကြီးဌာနများ၊ ပုဂ္ဂလိကအဖွဲ့အစည်းများမှ တာဝန်ရှိသူများနှင့် အထည်အလိပ်ကဏ္ဍမှ လုပ်ငန်းရှင်များပါဝင်သော ပထမအကြိမ် Stakeholder Meeting ကို ၂၀၁၉ ခုနှစ် ဇန်နဝါရီလအတွင်းကျင်းပခဲ့သည်။


အမျိုးသားအဆင့် အထည်အလိပ်မူဝါဒ ရေးဆွဲပြဋ္ဌာန်းနိုင်ခြင်းကြောင့် အထည်အလိပ်နှင့် အဝတ်အထည်ကဏ္ဍ ဖွံ့ဖြိုးတိုးတက်စေရန် လက်တွေ့အကောင်အထည်ဖော် ဆောင်ရွက်နိုင်မည့် လုပ်ငန်းစီမံချက်များ၊ လမ်းပြမြေပုံများအား ဖွံ့ဖြိုးမှုမိတ်ဖက်အဖွဲ့အစည်းများနှင့် ပူးပေါင်း၍ရေးဆွဲနိုင်ခြင်း၊ လိုအပ်သောဥပဒေ၊ နည်းဥပဒေ၊ လုပ်ထုံးလုပ်နည်းနှင့် ညွှန်ကြားချက်များအား ဆက်လက်ရေးဆွဲ အကောင်အထည်ဖော်နိုင်ခြင်း၊ အထည်အလိပ်ထုတ်လုပ်မှု ကွင်းဆက်အတွင်း အစမှအဆုံးအထိ ချိတ်ဆက်ဆောင်ရွက်ရန်အတွက် ထောက်ပံ့ပေးနိုင်မည်ဖြစ်ခြင်း၊ အခြေခံအဆောက်အအုံများ ဖွံ့ဖြိုးတိုးတက်လာစေပြီး ပြည်တွင်းပြည်ပ ရင်းနှီးမြှုပ်နှံမှုများအတွက် အားပေးသည့် စီးပွားရေးဝန်းကျင်ကို ထူထောင်နိုင်မည်ဖြစ်ခြင်း၊ ရိုးရာအိမ်တွင်းမှု အထည်အလိပ်လုပ်ငန်းများ ရေရှည်တည်တံ့ပြီး ဖွံ့ဖြိုးတိုးတက်လာစေခြင်း၊ အလုပ်အကိုင်အခွင့်အလမ်းများ ဖန်တီးပေးနိုင်ပြီး နိုင်ငံတော်၏ တစ်ဦးချင်း ကုန်ထုတ်လုပ်မှုတန်ဖိုးမြင့်မားလာစေခြင်း၊ လူမှုစီးပွားဘဝတိုးတက်လာစေခြင်း၊ နည်းပညာအသစ်များရရှိပြီး နိုင်ငံတကာဈေးကွက်တွင် ဝင်ရောက်ယှဉ်ပြိုင်နိုင်ခြင်း၊ ပြည်ပနှင့်ကုန်သွယ်မှု လွယ်ကူစေခြင်းနှင့် စီးပွားရေးပူးပေါင်းဆောင်ရွက်မှုအား အရှိန်အဟုန်မြှင့်တင်ဆောင်ရွက်နိုင်ခြင်းစသည့် အကျိုးကျေးဇူးများရရှိလာမည်ဖြစ်ကြောင်း စီမံကိန်း၊ ဘဏ္ဍာရေးနှင့် စက်မှုဝန်ကြီးဌာနမှ သိရသည်။ မြန်မာနိုင်ငံ၏ အထည်အလိပ်ကဏ္ဍဖွံ့ဖြိုးတိုးတက်ရေး၊ နိုင်ငံတကာမှဖွံ့ဖြိုးမှုမိတ်ဖက်များ ဖိတ်ခေါ်ဆောင်ရွက်ပြီး ရင်းနှီးမြှုပ်နှံမှုများဆောင်ရွက်ရန်၊ လိုအပ်သောအခြေခံအဆောက်အအုံများ ဖွံ့ဖြိုးတိုးတက်ရန် ပြည်တွင်းအထည်အလိပ်ထုတ်လုပ်မှုတိုးတက်ရန်နှင့် ပြည်ပပို့ကုန်မြှင့်တင်ပြီး သွင်းကုန်လျှော့ချနိုင်ရန် အကောင်အထည်ဖော်ဆောင်ရွက်နိုင်မည့် အမျိုးသားအဆင့်အထည်အလိပ်မူဝါဒပြဋ္ဌာန်းနိုင်ရေး သက်ဆိုင်ရာအဖွဲ့အစည်း များ၏

သဘောထားမှတ်ချက်ရယူ၍ ဂျာမနီနိုင်ငံ GIZ အကူအညီဖြင့် အပြီးသတ်ရေးဆွဲလျက်ရှိသည်။

မြန်မာနိုင်ငံ၏ အမျိုးသားပို့ကုန်မဟာဗျူဟာ National Export Strategy NES ကို လုပ်ငန်းကဏ္ဍအသီးသီးအတွက် စီမံချက်များရေးဆွဲပြီး အကောင်အထည် ဖော်ဆောင်ရွက်လျက်ရှိရာ အထည်အလိပ်ကဏ္ဍဖွံ့ဖြိုးတိုးတက်ရန်အတွက် အမျိုးသား အဆင့် အထည်အလိပ်မူဝါဒကို ရေးဆွဲနိုင်ရေး ဆောင်ရွက်လျက်ရှိကြောင်းသိရသည်။ အမျိုးသားအဆင့် ပို့ကုန်မဟာဗျူဟာအရ မြန်မာနိုင်ငံ၏အထည်အလိပ်နှင့် အဝတ်အထည်ကဏ္ဍ ပို့ကုန်မြှင့်တင်နိုင်ရေးအတွက် CMP စနစ်ဖြင့် ဆောင်ရွက်နေသော အထည်ချုပ်လုပ်ငန်းများအား FOB စနစ်သို့ ကူးပြောင်းဆောင်ရွက်နိုင်ရေး၊ Bonded Warehouse စနစ် အကောင်အထည် ဖော်ရေး၊ ပို့ကုန်မြှင့်တင်ရန် အထောက်အကူပြုနိုင်ရေးစသည်တို့အတွက် လိုအပ်သောအထည်အလိပ်နှင့်အဝတ်အထည်ဆိုင်ရာ အထူးပြုစက်မှုဇုန် Specialization Textile and Garment Zone များကို တည်ထောင်သွားရမည်ဖြစ်ကြောင်းသိရသည်။

**Source:** https://news-eleven.com/article/154351

## ယမကာကုန်ကြမ်းအတွက် နှစ်စဉ် ကျပ်ဘီလျံ ၁၇၇ သန်းခန့် အသုံးပြု



ပြည်တွင်း၌ ယမကာချက်လုပ်ရန် လိုအပ်သော ဆန်ကွဲများ ဝယ်ယူရန် နှစ်စဉ် ကျပ်ဘီလျံ ၁၇၇ သန်းခန့် အသုံးပြုလျက်ရှိရာ တောင်သူလယ်သမားများအတွက် ဝင်ငွေရရှိရန် အထောက်အကူ တစ်ခုဖြစ်စေကြောင်း မြန်မာနိုင်ငံ ယမကာဖြန့်ဖြူးရောင်းချသူများ အသင်းဥက္ကဋ္ဌ ဦးစိုးလွင်ကပြောသည်။ ယမကာကုန်ကြမ်းအတွက် နှစ်စဉ် ဆန်ကွဲတန်ချိန် သုံးသိန်းခွဲကို ကုန်ကြမ်းအဖြစ် ဝယ်ယူနေပြီး အလုပ်အကိုင် အခွင့်အလမ်း ၃၀၀၀၀ ကျော်ကို ဖန်တီးပေးထားကြောင်း အသင်းကထုတ်ပြန်ကြေညာထားသည်။

"ပြီးခဲ့တဲ့ဘဏ္ဍာနှစ်က ကျွန်တော်တို့ အသင်းဝင် လေးယောက်က အထူးကုန်စည်ခွန် အများဆုံးပေးဆောင်တဲ့ ထိပ်တန်းအခွန်ထမ်း ကြီးများ ဆုပေးပွဲမှာလည်း နိုင်ငံတော်သမ္မတ အသိအမှတ်ပြုတဲ့ဆုကိုရရှိခဲ့ပါတယ်။ တခြားဝင်ငွေခွန်၊ ကုန်သွယ်လုပ်ငန်းခွန် ပေးဆောင်မှုမှာလည်း ထိပ်သီး အခွန်ထမ်းကြီးများ ငါးဦးစာရင်းမှာပါ ဝင်ခဲ့ပါတယ်"ဟု ဦးစိုးလွင်ကဆိုသည်။

ပြည်တွင်းမှ ထုတ်လုပ်သည့် ယမကာများသည် နိုင်ငံတကာအဆင့်မီစက်ပစ္စည်းများဖြင့် ထုတ်လုပ်လျက်ရှိပြီး ပြည်တွင်း ထုတ်ကုန်ပစ္စည်းများသည်လည်း နိုင်ငံတကာဈေးအကွက်အတွင်းနေရာရရှိနေသည်။ ပြည်ပမှတင်သွင်းလာသည့် ယမကာ များအတွက်မူ တရားမဝင် မှောင်ခိုဈေးကွက်ရှိနေပြီး အခွန်အခများဆုံးရှုံးနေကြောင်း ၎င်းကဆိုသည်။

**Source:** https://myanmar.mmtimes.com/news/133808.html

## အမေရိကန်နဲ့တရုတ်အကြား အဓိကကျတဲ့ကုန်သွယ်မှု စစ်ပြေငြိမ်းရေးစာချုပ် လက်မှတ်ထိုးမည်

ကမ္ဘာ့အကြီးဆုံး စီးပွားရေးအင်အားကြီးနှစ်နိုင်ငံဖြစ်တဲ့ အမေရိကန်နဲ့တရုတ်တို့ကတော့ ဇန်နဝါရီ ၁၅ ရက်မှာ အလွန် အဓိကကျတဲ့ ကုန်သွယ်ရေးဆိုင်ရာစစ်ပြေငြိမ်းရေးစာချုပ်တစ်ရပ်ကို လက်မှတ်ထိုးသွားဖို့ရှိနေပါတယ်။ ယင်းစာချုပ်ကတော့ ကမ္ဘာတစ်ဝန်းက စီးပွားရေးလုပ်ငန်းတွေကို အတော်အသင့် အသက်ရှူချောင်သွားစေဖို့လည်းရှိနေပါတယ်။ နှစ်နိုင်ငံအကြား ဒေါ်လာ ဘီလီယံများစွာတန်ကြေးရှိ ကုန်စည်တွေအပေါ် အပြန်အလှန်ချမှတ်ထားတဲ့ အခွန်အကောက်တွေ ကတော့ ဆက်လက်ရှိနေဦးမှာဖြစ်တယ်ဆိုပေမယ့်လည်း မသေချာမရေရာမှုအခြေအနေတချို့တဝက်ကတော့ ကင်းစင် သွားဖို့ရှိနေပါတယ်။

ယခု နှစ်နိုင်ငံအကြား လက်မှတ်ထိုးမယ့် ပထမအဆင့် ကုန်သွယ်ရေးစာချုပ်အရဆိုရင် တရုတ်တို့ဘက်က ရေတို ကာလမှာ အမေရိကန်စိုက်ပျိုးကုန်တွေနဲ့ ထုတ်ကုန်တွေကိုတိုးမြှင့်ဝယ်ယူသွားရေး ကတိကဝတ်တွေပါဝင်လာမှာ ဖြစ်ပါတယ်။ အဆိုပါ ပထမအဆင့်စာချုပ်ကတော့ မှန်ကန်တဲ့လမ်းကြောင်းပေါ်က ကြီးမားတဲ့ခြေလှမ်းတစ်လှမ်းဖြစ်တယ်လို့လည်း

အမေရိကန်ဘဏ္ဍာရေးဝန်ကြီး Steven Mnuchin က ပြောထားပါတယ်။

Source:https://www.channelnewsasia.com/news/business/us-china-SFJ Strategy First Journal

## STOCK EXCHANGE (15.1.2020)

YANGON STOCK EXCHANGE

Search...

Market Data | Listed Company | Regulations | Learning | Trading | Listing on YSX | About YSX

Home > Market Data > Stock trading data

### Stock trading data

As of 15th Jan. 2020

**Stock trading**

| Name | Code | Close | Change | % Change | Open | High | Low | Trading volume | Trading value (MMK) | No. of listed shares | Market Cap. (mil MMK) |
|---|---|---|---|---|---|---|---|---|---|---|---|
| FMI | 00001 | 11,000 | -500 | -4.35% | 11,500 | 11,500 | 11,000 | 4,083 | 45,813,000 | 27,112,747 | 298,240 |
| MTSH | 00002 | 3,900 | +50 | +1.30% | 3,850 | 3,900 | 3,850 | 6,755 | 26,007,750 | 38,929,150 | 151,824 |
| MCB | 00003 | 8,000 | -100 | -1.23% | 8,000 | 8,000 | 8,000 | 112 | 896,000 | 10,400,986 | 83,208 |
| FPB | 00004 | 22,500 | +0 | +0.00% | 23,000 | 23,000 | 22,500 | 705 | 15,865,000 | 2,472,053 | 55,621 |
| TMH | 00005 | 2,900 | +200 | +7.41% | 2,900 | 2,900 | 2,900 | 74 | 214,600 | 12,823,224 | 37,187 |

### Market summary

As of 15th Jan. 2020

**Today's summary**

| Index name | Close | Change | % Change | Open | High | Low | Trading volume (shares) | Trading value (MMK) | No. of listed companies | Market Cap. (mil MMK) |
|---|---|---|---|---|---|---|---|---|---|---|
| MYANPIX | 457.22 | -7.37 | -1.59% | 466.60 | 466.60 | 455.80 | 11,729 | 88,796,350 | 5 | 626,080 |

**Index chart**




## Market Overview

As of 1:00 pm, 15th Jan. 2020

| MYANPIX | 457.22 ▼ 7.37 |
|---|---|
| Total Volume (shares) | 11,729 |
| Total Value (MMK) | 89 mil |
| Listed Company | 5 |
| Market Cap. (MMK) | 626,080 mil |

| Name | Code | Price | Change |
|---|---|---|---|
| FMI | 00001 | 11,000 | ▼ 500 |
| MTSH | 00002 | 3,900 | ▲ 50 |
| MCB | 00003 | 8,000 | ▼ 100 |
| FPB | 00004 | 22,500 | ▲ 0 |
| TMH | 00005 | 2,900 | ▲ 200 |